# ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ BIA. BDA. PBF တပ်မတော်သားဟောင်းများ၏ ‘တပ်မတော်’ သို့ ပန်ကြားချက်

(၅ – ၆ – ၂၀၀၃)

၁။ **ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဗိုလ်တင်ဦး**တို့၏ သတင်းဆိုးများကို ကျွန်ုပ်တို့ကြားသိရ၍ များစွာ ယူကျုံးမရ ဖြစ်ရသည်။

သွေး ချွေး မျက်ရည် မြောက်မြားစွာကျပြီးမှရထားသော တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် တိုင်းပြည်တပေါင်းတစည်းတည်းရှိမှုကို ခြိမ်းခြောက်ခံနေရသည့် ယနေ့လို အခြေအနေမျိုးတွင် ဖြစ်ရသဖြင့် တိုင်းပြည်အတွက် ရင်လေးမိသည်။

ဗိုလ်မောင်အေးက “ပြည်သူကြားတပ်ဖျောက်ပြီးတိုက်မည်” ဟု ပြောသံ ကြားလိုက်ရသည်။ ကျွန်ုပ်တို့ စိတ်လှုပ်လှုပ်ရှားရှား ဖြစ်ရပါသည်။ တဆက်တည်းတွင် – အမျိုးသားညီညွတ်ရေးမရှိဘဲ ပြည်သူ့ကြားတပ်ဖျောက်၍ ရပါမည်လောဟု စဉ်းစားမိပါသည်။ ၁၉၄၅ ခုနှစ်က ကျွန်ုပ်တို့ တပ်ဖျောက်ခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ရှိနေချိန်ဖြစ်ပြီး ကွန်မြူနစ်များက အစစအရာရာ ပြင်ဆင်ထားသဖြင့် တပ်စခန်းပြောင်းသလိုပဲ လုပ်ခဲ့ရပါသည်။ စားဝတ်နေရေး၊ လုံခြုံရေးကို ပြည်သူက တာဝန်ယူကြပါသည်။

ယခု အခြေအနေမှာကား “အမျိုးသားညီညွတ်ရေး” မရှိပါ။ ‘ရင်ကြားစေ့ရေး’ ကနေ ‘ရင်ကြားခားထောက်ရေး’ သို့ ကူးနေသည်။ ပြည်သူ့ကြား တပ်ဖျောက်ဖို့ စဉ်းစားခြင်းမှာ စိတ်ကူးယဉ်ခြင်းသာ ဖြစ်ပါလိမ့်မည်။

ဆက်ဒမ်ဟူစိန်လည်း ထိုသို့စိတ်ကူးယဉ်ခဲ့ပါသည်။ သူက ‘၂၀’ ရက် ခံပါသည်။ ဗိုလ်သန်းရွှေက ၂၀ မိနစ် မခံနိုင်ပါ။

၂။ **နိုင်ငံတကာ့ ထောက်ခံမှု** ရှိမှ အမျိုးသားခုခံရေးစစ်ပွဲ တိုက်နိုင်ပါသည်။ ၁၉၄၅ ခုနှစ်က ကျွန်ုပ်တို့တပ်ဖျောက်တာ တခဏမျှသာ ဖြစ်ပါသည်။ မဟာမိတ်အကူအညီဖြင့် ပြန်တိုက်ပါသည်။ တပ်မတော် နာမည်ပြောင်းပြီး တိုက်ခဲ့ပါသည်။

ယခုအခြေအနေတွင် သင်တို့၌ မဟာမိတ်ရှိဖို့ မလွယ်ပါ။ ကုလသမဂ္ဂကို အားခံနေရပြီ။ မကြာမီ အာဆီယံကို အားခံရမည့် အခြေအနေလည်း ပေါ်နေသည်။ တပ်မတော်တွင်း၌ တာဝန်ထမ်းဆောင်ဆဲ တပ်မှူး အကြပ် တပ်သားများ အလေးအနက် စဉ်းစားစေလိုပါသည်။

၃။ **အမျိုးသားကာကွယ်ရေးစစ်တိုက်ဖို့ပြင်** ပြည်တွင်းစစ်တိုက်ရမည့်အချိန် မဟုတ်ပါ။ ပြည်တွင်းစစ် ပြင်းပြင်းထန်ထန်တိုက်နေရချိန်၊ ကွန်မြူနစ်ကို ဦးတည်တိုက်နေရချိန်က မဆလ မှ နဝတသို့ အာဏာလွှဲခဲ့ပုံမျိုး ယခုလည်း အာဏာလွှဲပြောင်းယူ၍ရမည်ဟု ဗိုလ်သန်းရွှေ၊ ဗိုလ်ရွှေမန်း၊ ဗိုလ်စိုးဝင်းတို့အစု စိတ်ကူးမယဉ်မိပါစေနှင့်။

ယခု သင်တို့ဦးတည်တိုက်နေရသူမှာ NLD ဖြစ်သည်။ NLD ကလည်း ‘အကြမ်းမဖက်ရေး’ ကို ပေါ်လစီချလုပ်နေခြင်း ဖြစ်သည်။

‘အမျိုးသားကာကွယ်ရေးစစ်’ တိုက်ရမည့်အခြေအနေ ဖြစ်နေချိန်တွင် NLD ဆန့်ကျင်ရေး၊ အမြစ်ဖြတ်ရေးကို လုပ်ခဲ့လျှင် အမြော်အမြင်မဲ့ရာကျသည်။ တိုင်းပြည် ချောက်တွင်းသို့ ဒီတခါမှ အမှန်ကျလိမ့်မည်။

သူရဘွဲ့ကို ဗိုလ်တင်ဦးရသည်မှာ ပြည်တွင်းစစ်အတိုက်ကောင်း၍မဟုတ်။ အမျိုးသားကာကွယ်ရေးတိုက်ပွဲ တိုက်ရင်းရခဲ့ခြင်း ဖြစ်သည်။ သူ့အခြေအနေကို ကျွန်ုပ်တို့ အမျိုးမျိုးကြားနေရသည်။ အမျိုးသားသူရဲကောင်းတဦးကို အစဖျောက်ပစ်လျှင် သင်တို့အပေါ် မည်သူကမှ ခွင့်လွှတ်မည်မဟုတ်။

၄။ **သမိုင်းအမဲစက်** ဖျက်မရအောင်လုပ်နေခြင်းကို ဗိုလ်သန်းရွှေနှင့် အပေါင်းပါများ မလုပ်စေချင်ပါ။ အမြန်ဆုံးပြုပြင်သင့်သည်။ မျက်မှောက် နိုင်ငံတကာ့အခြေအနေမှာ ‘ပြည်တွင်းစစ်’ တိုက်ရမည့်အချိန် မဟုတ်။ “အမျိုးသားကာကွယ်ရေးစစ်” အတွက် ပြင်ရမည့် အချိန်ဖြစ်သည်။ အချိန်မနှောင်းမီ အမြင်မှန်ရစေချင်သည်။ အာဏာလောဘကို လျှော့ကြစေချင်သည်။

အပ်နှင့်ထွင်ရမည့်ကိစ္စ ပုဆိန်ဖြင့် မပေါက်ပါရစေနှင့်။ သားရွှေအိုးထမ်းလာတာ မြင်ရသည့်လမ်းဖြစ်သည့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သည့်လမ်းကို လိုက်ကြပါဟု တိုက်တွန်းလိုက်ပါသည်။